**မြန်မာ့စာတိုက်လုပ်ငန်း၏ ဥပဒေ၊ စည်းမျဉ်းများ**

**ပို့ဆောင်မှုနှင့်ဆိုင်သောစည်းကမ်းချက်များ**

**၁။ အောက်ပါပစ္စည်းများအား ပေးပို့ခွင့်မပြုပါ**

**စာတိုက်မှ တင်ပို့ခွင့်မပြုသော ပစ္စည်းများ(ပြည်တွင်း)**

(က) တည်ဆဲဥပဒေများဖြင့် ဆန့်ကျင်သည့်ပစ္စည်းများ

( ခ ) အမြင်မတော်သော အကျင့်စာရိတ္တကိုပျက်စီးစေနိုင်သောပစ္စည်းများ

( ဂ ) နိုင်ငံတော်နှင့်နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမည့် စာအုပ် စာတမ်းများ

(ဃ) နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် အားပေးလှုံ့ဆော်စာများ

( င ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောပစ္စည်းများ

( စ ) ပေါက်ကွဲစေတတ်သော၊ မီးလောင်လွယ်သော၊ ရေဒီယိုသတ္တိကြွ သောပစ္စည်းများနှင့် အခြားအန္တရာယ်ရှိနိုင်သောပစ္စည်းမ

(ဆ) သက်ရှိသတ္တဝါများ

( ဇ ) ငွေအကြွေများ၊ ငွေစက္ကူများနှင့် အခြားတန်ဖိုးကြီးသောပစ္စည်းများ

( ဈ ) ရွှေ၊ ငွေနှင့် ကျောက်မျက်ရတနာများ (အာမခံပေးလျော်နိုင်သည့် ပမာဏ ထက်ကျော်လွန်သည့်ပစ္စည်းများ) ပြည်တွင်းသာပေးပို့နိုင်ပြီး ပြည်ပနိုင်ငံသို့ ပေးပို့၍ မရနိုင်ပါ။

(ည) နိုင်ငံတော်ကထုတ်ပြန်ထားသည့် ထီလက်မှတ်များမှအပ အခြားထီ လက်မှတ်များ

(ဋ ) လုံခြုံစွာထုပ်ပိုးချည်နှောင်ထားခြင်းမရှိသောချွန်ထက်သည့်ပစ္စည်းများ

(ဌ ) မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ

**စာတိုက်မှ တင်ပို့ခွင့်မပြုသည့် ပစ္စည်းများ (ပြည်ပ)**

(က ) တည်ဆဲဥပဒေများဖြင့် ဆန့်ကျင်သည့်ပစ္စည်းများ၊

( ခ ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ပစ္စည်းများ (VAPE ဆေးပေါ့လိပ်၊ စီးကရက်)၊

(ဂ) အမြင်မတော်သော၊ အကျင့်စာရိတ္တကိုပျက်စီးစေနိုင်သော ပစ္စည်းများ

(ဃ) ပေါက်ကွဲစေတတ်သော၊ မီးလောင်လွယ်သော ရေဒီယိုသတ္တိကြွသော ပစ္စည်းများနှင့် အခြားအန္တရာယ်ရှိနိုင်သောပစ္စည်းများ၊

(င) သက်ရှိသတ္တဝါများ

(စ) ငွေအကြွေများ၊ ငွေစက္ကူများနှင့် အခြားတန်ဖိုးကြီးသော ပစ္စည်းများ၊

(ဆ) ရွှေ၊ ငွေ နှင့် ကျောက်မျက်ရတနာများ၊

(ဇ) ထီလက်မှတ်၊ ချက်လက်မှတ်၊ မှတ်ပုံတင်နှင့် PASSPORT များ၊

(ဈ) လုံခြုံစွာထုပ်ပိုးချည်နှောင်ထားခြင်းမရှိသောချွန်ထက်သည့်ပစ္စည်းများ၊

(ည) အထောက်အထားမပါရှိသော မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊

(ဋ) MLM ဖြင့် ရောင်းချသည့် ပစ္စည်းများ၊

(ဌ) အမျိုးအမည် မသိသော အရွက်ခြောက်များ၊ အရွက်အစိမ်းများ၊

(ဍ) ဓါတ်ခဲပါသော လျှပ်စစ်ပစ္စည်းများ၊

(ဎ) အဖြူမှုန့်များနှင့်၊ အချိုမှုန့်များ၊ ဆား(အမျိုးအမည်မသိသောအမှုန့်များ)၊

(ဏ) ရေမွှေး၊ ပရုပ်လုံး၊ GAS နှင့် အရည်ပါသောပစ္စည်းများ၊

(တ) CETIRIZINE ၊ BURMETON ၊ သွေးဆေးမှုန့်၊ ကျောက်ချဉ်၊ ချောင်းဆိုးပျောက်ဆေးများ၊ မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးများနှင့်အိမ်လုပ်ဆေးများ၊ ကိုယ်ဝန် (တားဆေး)များ၊ အိပ်ဆေး ပါဝင်သည့် ဆေးများ၊

(ထ) ဆန်၊ ပဲဆံအစိမ်းများနှင့် မျိုးပွားနိုင်သော အစေ့အဆံများ၊

(ဒ) ပေးဝေရမည့်နိုင်ငံမှ တင်သွင်းခွင့်မပြုသည့် ပစ္စည်းများ၊

၂။ ပေးပို့မည့်လိပ်စာအား ပြည့်စုံမှန်ကန်စွာဖော်ပြရမည်ဖြစ်ပြီး လိပ်စာမပြည့်စုံမှုကြောင့် ပေးပို့မှု မအောင်မြင်ခဲ့ပါက ပေးပို့သူ၏တာဝန်သာ ဖြစ်ပါသည်။

၃။ ပေးပို့သော ချောစာ/ ထုပ်များနှင့် ပတ်သက်သော ကိစ္စအားလုံးကို ပေးပို့သူမှ တာဝန်ယူရပါမည်။

၄။ လက်ခံပြီးသော ချောစာ/ ထုပ်များအတွက် ငွေပြန်မအမ်းပါ။

၅။ ပေးပို့သော ချောစာ/ ထုပ်များကို လုံခြုံရေးအရ စစ်ဆေးခြင်းခံယူရပါမည်။

၆။ အာမခံဝန်ဆောင်မှုယူထားသည့် ချောပစ္စည်းများကို အာမခံတင်သွင်းထားသည့် ပမာဏအတိုင်း ပေးလျော်ခြင်းကဏ္ဍအား ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၇။ ချောပစ္စည်းများပျက်စီး၊ ပျောက်ဆုံးမှုအတွက် လျော်ကြေးငွေတောင်းခံပါက ချောပစ္စည်း လက်ခံရရှိသည့်အချိန်မှစ၍ ချက်ချင်းနီးစပ်ရာစာတိုက်သို့ အကြောင်းကြားရမည်ဖြစ်ပြီး သတ်မှတ်ကာလကျော်လွန်ပါက လျော်ကြေး ငွေမပေးပါ။

၈။ ပစ္စည်းများ၏ ထုပ်ပိုးမှုကို ပေးပို့သူမှ တာဝန်ယူရမည်ဖြစ်ပြီး ကျိုးပဲ့၊ ကွဲရှယိုစိမ့်နိုင်သော ပစ္စည်းမျိုး ပေးပို့မှုအပေါ် လျော်ကြေးပေးမှု အကျုံးမဝင်ပါ။

၉။ ပေးပို့မည့် ချောစာ/ ထုပ်၏ အရွယ်အစားသတ်မှတ်ချက်မှာ အလျား (၂ပေခွဲ) ထက် မပိုစေရသည့်အပြင် အလျား + လုံးပတ် နှစ်ရပ်ပေါင်း (၆ ပေ) ထက်မပိုရပါ။

၁၀။ ချောစာ/ ထုပ် တစ်ထုပ်အား လိပ်မူထားသော လိပ်စာသို့သာ ပေးပို့ပါမည်။ ပေးပို့လိုသည့် လိပ်စာသည် မြန်မာ့စာတိုက်လုပ်ငန်း၏ စာဝေနယ်ပြင်ပတွင် ဖြစ်နေပါက အိမ်အရောက် ပေးဝေခြင်း မပြုလုပ်ပေးပါ။ ၎င်းလိပ်စာ နှင့် နီးစပ်သည့် စာတိုက်တွင် သွားရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၁။ ပြန်လည်အစားထိုးပေးပို့၍ မရနိုင်သော ချောစာ/ ထုပ်များအတွက် မြန်မာ့စာတိုက်လုပ်ငန်းမှ တာဝန်ယူ၍မရပါ။

၁၂။ ပြည်ပနိုင်ငံများသို့ ပေးပို့သော ချောစာ/ထုပ်များသည် အကြောင်းအမျိုးမျိုး ကြောင့် တစ်ဖက်နိုင်ငံမှ ပေးဝေမရ၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပါက တစ်ဖက်နိုင်ငံမှ တွက်ချက်ထားသည့် လေကြောင်းခအတိုင်း တင်ပို့သူ မှ ပြန်လည်ကျခံ၍ ရွေးယူရမည်ဖြစ်ပါသည်။

၁၃။ ပစ္စည်းပေးပို့ရာတွင် အဆင်မပြေမှုတစ်စုံတစ်ရာရှိပါက မြန်မာ့စာတိုက် လုပ်ငန်း၏ Customer Care ဖုန်းနံပါတ် - ၀၆၇-၃၄၂၀၈၈၈ ၊ ၀၉-၈၈၀၄၀၁၀၃၃ ၊ ၀၉ - ၈၈၀၄၀၁၀၄၄ သို့ဖြစ်စေ ၊ Official Facebook Page ၏ Messenger မှဖြစ်စေ အသိပေးပြောကြားနိုင်ပါသည်။